# စုထား

## ဝတ္ထုတို ၅ ပုဒ်



mgyoe.com

mgyoe.com

100S038
1,200.00 KS

mgyoe.com

ဝတ္ထုတို ၅ ပုဒ်၊ စုထား
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
အတွင်းသရုပ်ဖော် - ကိုကိုနိုင်
စာမျက်နှာ ၁၁၆ မျက်နှာ၊ ၁၂.၈ စင်တီ × ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ဝတ္ထုတို ၅ ပုဒ်

## စုထား

### မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | တိမ်အနီးက ငှက် | ၁ |
| ၂။ | ပန်းကျိန်စာ | ၄၀ |
| ၃။ | သစ်ရွက်လှေ | ၆၂ |
| ၄။ | အဆိပ်ဝိုင် | ၈၇ |
| ၅။ | တစ်ဖက်စာမျက်နှာသို့ ဆက်လက်ကြည့်ရှုပါရန် | ၁၀၂ |


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


## တိမ်အနီးက ငှက်

ကျောင်းဖွင့်စ ဒုတိယမြောက်နေ့တွင် စတင်ခင်မင်ခဲ့ရသည့် သူငယ်ချင်းမို့ မဂျိုးကို ငယ်သူငယ်ချင်း အရင်းတစ်ယောက်လို သံယောဇဉ် ရှိခဲ့သည်။ သူငယ်ချင်းဟုဆိုသော်လည်း ကြုံကြိုက်တိုက်ဆိုင်၍ သူခင် ကိုယ်ခင် ခင်မင်လာခဲ့ရသော သူငယ်ချင်းမျိုး မဟုတ်ပေ။ သက်သက် ကိုယ်တိုင် မဂျိုးကို ခင်မင်ချင်၍ တကူးတက သူငယ်ချင်း ဖြစ်ယူခဲ့ခြင်း ဖြစ်သည်။

မာမိနှင့် မာမိ၏သူငယ်ချင်းဖြစ်သူ၊ သက်သက်တို့ ဆေးတက္ကသိုလ် ပထမနှစ်တွင် အင်္ဂလိပ်စာ သင်ကြားသည့် ဆရာမလည်း ဖြစ်သူ ဒေါ်တင်တင်ချိုတို့က စာသင်ခန်းရောက်သည်အထိ လိုက်ပို့သည့်တိုင် ကျောင်းသားအများကြီးကြားမှ ဖြတ်လာရတော့ ခြေလှမ်းတို့က တုန်ခါနေလေသည်။

"သက်ငုံဖူးဆိုတာ သူလေ"၊ "သက်ငုံဖူး"၊ "သက်ငုံဖူး။ တီးတိုး

mgyoe.com

mgyoe.com


ယောက်ျားသံများတွင် သူ့နာမည်ကိုကြားရတိုင်း သက်သက်၏ခေါင်းကလေးသည် တဖြည်းဖြည်း ငုံ့လျှိုးသွားခဲ့လေသည်။ မီးယပ်နှင့်သားဖွားအထူးကု ဒေါ်ခင်မျိုးချစ်၏သမီး သက်ငုံဖူးဆိုသည့် သက်သက်က မိဘ၏ဂုဏ်သိန်ကြောင့်လည်းကောင်း၊ လှပ၍ စိတ်ဝင်စားဖွယ်နာမည်ကြောင့်လည်းကောင်း တက္ကသိုလ်ဝင်ခွင့်စာရင်း ကြေညာသင်ပုန်းတွင် စတင်ကပ်သည့်အချိန်မှစ၍ ကျောင်းသားဝန်းကျင်တွင်သတင်းကြီးခဲ့သူဖြစ်သည်။ အန်တီချိုက ဗိုလ်မှူးကြီးတစ်ယောက်၏သမီးဆိုသော မီမီခိုင်ထွန်းနှင့် မိတ်ဆက်ပေး၍ နေရာ၌ ထားပေးခဲ့သည့်တိုင် ခေါင်းမော်မကြည့်ဝံ့သေးချေ။

"ရှိန့်ဘား ဝမ်း၊ ရှိန့်ဘား ဝမ်း" ဆိုသော အပြင်ဘက်မှ ကျောင်းသားကြီးများ၏အော်ဟစ်သံများကြားတွင် အခန်းဝ၌ တစ်ယောက်တည်း ရပ်နေသော မဂျိုးကို စတင်တွေ့ခဲ့ရသည်။ ပထမအတွေ့အကြုံလိုဖြစ်၍ ရှက်ရွံ့ခြင်းနှင့် ရင်ခုန်ခြင်းပင် မပြေသေးသော သက်သက်သည် အဖော်မပါ တစ်ယောက်တည်းလာခဲ့သည့် သူ့ကို အံ့ဩသလိုသနားလည်းသွားမိသည်။ သူကတော့ အော်ဟစ်နောက်ပြောင်နေသည့်ကျောင်းသားများကြားတွင် အေးစက်သော မျက်နှာလေးဖြင့် ရပ်ရင်းအခန်းတစ်ခုလုံးကို ခြုံငုံကြည့်နေသည်။ နေရာရှာခြင်းဖြစ်ပါလိမ့်မည်။ ဘယ်ဘက်ခုံစုများသည် အခန်းတံခါးနှင့် နီးသောကြောင့်လည်းကောင်း၊ ညာဘက်ခုံများသို့သွားသောလမ်းတွင် စာသင်ခုံက ပိတ်နေသောကြောင့်လည်းကောင်း၊ ဘယ်ဘက်ခုံစုများ၌ နေရာအပြည့်ဖြစ်နေသည်။ သူသည် စာသင်ခုံပေါ်မှ ပုံမှန်အနေအထားဖြင့်ဖြတ်ကာညာဘက်ခုံများဆီသို့ သွားလေသည်။

ကျောင်းသားများ၏အော်ဟစ်သံက ပိုမိုကျယ်လောင်လာသည်။ နောက်ဘက်ခုံများတွင် လာရောက်ထိုင်နေသည့် ကျောင်းသား

mgyoe.com

mgyoe.com


ကြီးများက စားပွဲခုံကို ဘင်ခရာတီးဝိုင်းတွင် ဘင်ထုသလို ထုရင်း

"ရဲရဲတောက်... တို့ဗမာတွေ... သတ္တိခဲတွေ" ဟု သံပြိုင်အော် ဆိုကြလေသည်။

သူကမူ ကျောင်းသားများဘက်သို့ မျက်လုံးတစ်ချက် ဝင့်ကြည့်ရင်း နေရာလွတ်တွင် အေးဆေးစွာ ဝင်ထိုင်လိုက်သည်။ သူ၏မျက်နှာ သွင်ပြင်သည် ကျောင်းသားများကို တမင်မထိမဲ့မြင် လုပ်ဟန်မျိုးလည်း မတွေ့ရ။ နာမည်ကျော်ကြားလိုသည့် ဟန်ဆောင်သတ္တိရှိပြပုံမျိုးလည်း မတူ။ မိန်းမမာန တလူလူလွှင့်ထူထားပုံလည်းမဟုတ်။ နေ့စဉ်သင်နေကျ စာသင်ခန်းသို့ ဝင်ထွက်သွားလာလိုက်သလိုပင်။

"အဲဒါ ရိုနံဘာဝမ်း ခင်လေးနွယ်လေ"

မိမိခိုင်ထွန်းက သက်သက်နား တိုးတိုးလေး ကပ်ပြောလိုက်သည်။

"ခင်လေးနွယ်ဆိုတာ သူလား"

မာမိုသူငယ်ချင်း နယ်မြို့လေးတစ်မြို့မှ ဆရာမ ဒေါ်ခင်သီသီ လွှန်ခဲ့သည့်လက လာလည်စဉ်

"အန်တီတို့ကျောင်းက "ခင်လေးနွယ်" ဆိုတဲ့ ကလေး မန္တလေး အမ်စီမှာ နံဘာဝမ်းနဲ့ဝင်တယ်၊ သမီးသက်သက်တို့နဲ့ တွေ့ဦးမှာပေါ့၊ သက်သက်က လိုတဲ့အကူအညီတွေ ပေးလိုက်ပါဦးနော်"

ဟု ပြောစဉ်ကတည်းကပင် ခင်လေးနွယ်ဆိုသူကို အထင်ကြီး ခဲ့မိသည်။

"သီသီတို့ကျောင်းက နယ်ကျောင်းသာဆိုတယ် တယ်ဟုတ်ပါ လား၊ နံဘာဝမ်းဆိုတော့ သမီးတောင် 'ဖောတိ' ကျော်တယ်သိရဲ့၊ တန်တော့ သီသီတို့မြို့မှာ ကျူရှင်တွေ သိပ်ကောင်းတယ်ထင်တယ်၊ ဒါမှမဟုတ်လည်း ဒီကောင်မလေး ရန်ကုန် မန္တလေးမှာ ကျောင်းလာ

mgyoe.com

mgyoe.com

တက်ပြီး နယ်ပြန်ဖြေတာနေမှာ”

မာမိစကားအဆုံးတွင် အန်တီ ဒေါ်ခင်သီသီက သဘောတကျ ရယ်ရင်း

“သီတို့မြို့မှာ ကျူရှင် ဟုတ်တိပတ်တိ မရှိသေးဘူး ချစ်ချစ်ရဲ့၊ ဘွဲ့ရပြီးတဲ့သူတွေကလည်း သည့်ပြင် စီးပွားရေးပဲလုပ်ကြတာ၊ မြို့ကြီးက ကျူရှင်ဆရာတွေကလည်း သီတို့မြို့ကို မျက်စိမကျသေးဘူး၊ သို့ တပည့်တွေကလည်း ချစ်ချစ်ရယ် မှတ်စုတွေ၊ တစ်ကြိုတွေ၊ အထူး ထုတ်တွေတောင် ဝယ်မဖတ်ကြဘူး၊ တချို့လည်း ရှိပါတယ်၊ သုံးလ ပြတ်တွေ လေးလပြတ်တွေ သွားတက်ကြတာ၊ ခင်လေးနွယ်ကတော့ သူ့မိဘတွေက မတတ်နိုင်ရှာပါဘူး၊ ကျောင်းစာသာ ကျက်တာပါ”

တော်လိုက်တာလို့ ကျောင်းစာနှင့်ပတ်သက်၍ သူများကို သိပ် အထင်မကြီးတတ်သည့် သက်သက်ပင် ရင်ထဲမှတဖွဖွ ရေရွတ်မိသည်။

ကျောင်းမှသင်သည့် သင်ခန်းစာတွေနှင့် ဂုဏ်ထူးငါးခု၊ အမှတ် ငါးရာကျော်နှင့် မန္တလေးဆေးတက္ကသိုလ်မှာ ခုံနံပါတ်တစ်ကိုရခဲ့သူ။

သက်သက်မှာမူ သက်သက်ရှစ်တန်းရောက်သည့်နှစ်မှစ၍ ဆရာသီးခြားခေါ်ကာ အိမ်မှာပင် ဘာသာစုံကျူရှင်ပေးခဲ့သည်။ စာကျက်ချိန်၊ အိပ်ချိန်၊ ကျောင်းသွားချိန်၊ နားချိန်အားလုံးကို မာမိ ကိုယ်တိုင် အချိန်ဇယားဆွဲ၍ မာမိကိုယ်တိုင် စောင့်ကြည့်ကြပ်မတ်ပေး ခဲ့သည်။

သက်သက်သာမက အခု ကိုးတန်းရောက်နေပြီဖြစ်သော ညီမ လေး သက်ဝေကျော်နှင့် ရှစ်တန်းကျောင်းသား သက်အောင်ထွန်းတို့ကို လည်း သည်အတိုင်းပင်။ သက်သက်တို့ စားချင်သည့်အစာ၊ လိုချင် သည့်ပစ္စည်းအားလုံးကို နာရီမဆိုင်းစေရဘဲ စာကြည့်စားပွဲပေါ် ရောက် အောင်အထိ မာမိက လုပ်ပေးခဲ့သည်။

mgyoe.com

mgyoe.com

သက်သက် ခုနစ်တန်းရောက်သည့်နှစ်မှစ၍ မာမီ ဆေးခန်း မထိုင်တော့ဘဲ သားသမီးတို့၏ပညာရေးကိုသာ စိုက်စိုက်မတ်မတ် ကြိုးပမ်းခဲ့သည်။ ဒါကြောင့်လည်း မာမီ့မိတ်ဆွေတွေက မာမီ့ကို သားသမီးတွေအတွက်သာ အသက်ရှင်နေတဲ့သူတဲ့။

နယ်တွင် ဆန်စက်၊ ဆီစက်နှင့် အဝေးပြေးကားများ ပိုင်ဆိုင်သော ဒယ်ဒီ၏စီးပွားရေးသည် မာမီ စိတ်ထက်သန်ရာကို ကြောင့်ကြမဲ့စွာ လုပ်ကိုင်နိုင်ခွင့်ပေးခဲ့လေသည်။

* * *

နောက်တစ်နေ့ဝွင် သက်သက်သည် မဂျူးထိုင်သည့်ခုံသို့ လာခဲ့သည်။ ကိုယ့်ထက်သာတဲ့ ကိုယ့်ထက်တော်တဲ့လူနဲ့ပေါင်းမှ ကိုယ်ပိုတော်လာမှာလို့ မာမီက ခဏခဏပြောတတ်သည်။ သည်တုန်းက သက်သက် သိသည်က ခင်လေးနွယ် ရိုနံဘာဝမ်း။

"တို့ ဒီမှာ ထိုင်မယ်နော်"

သူက စာအုပ်ဖတ်နေရာမှ တစ်ချက်မော့ကြည့်ရင်း ခုံအပြင်ဘက်သို့ ထွက်ရပ်ပေးလေသည်။ သက်သက် အတွင်းဘက်သို့ ဝင်ထိုင်ပြီးမှ သူ့နေရာပြန်ထိုင်ကာ စာအုပ်ကို ဆက်ဖတ်နေလေသည်။

ဒါကြောင့် သူတော်တာပေါ့။ ကျောင်းဖွင့်စ နေ့မျိုးမှာပင် စာကျက်နေတာဆိုသည့်အတွေးနှင့် သူဖတ်နေသော စာအုပ်ကို ငဲ့ကြည့်မိတော့ 'စကားထာ တဖြာလှလိမ့်မယ်' တဲ့။ ဝတ္ထုစာအုပ်။

"သက်သက်နာမည် သက်ငုံဖူးတဲ့၊ မင်းက ခင်လေးနွယ်နော်"

ငါးမိနစ်ကျော် ဆယ်မိနစ်ခန့်ကြာသည့်တိုင် လှည့်ကြည့်ဖော်လည်းမရ၊ စကားလည်းမပြောလာဘဲ စာအုပ်ကိုသာ သဲသဲမဲမဲဖတ်နေလေသည်။ ဒါကြောင့် သက်သက်ဘက် မျက်နှာအငဲ့တွင် သက်သက်

mgyoe.com

mgyoe.com

ကပင်စ၍ ကမန်းကတန်း မိတ်ဆွေဖွဲ့လိုက်ရသည်။

"ဩော်"

သူက စိတ်ဝင်စားမှုမရှိစွာ ရေရွတ်လိုက်သည်။ တချို့များ သက်ငုံဖူးပါလို့ မိတ်ဆက်ရုံနှင့် "ဒေါက်တာဒေါ်ခင်မျိုးချစ် သမီး မဟုတ်လား" ဘာညာဘာညာနှင့် ပျာပျာသလဲ ဖြစ်သွားတတ်ကြသည်။ သူကတော့ သာမန်နာမည်တစ်ခုလို့ပင် မှတ်ထင်သည်ထင်သည်။ ကျော်ကြားခဲ့သော သက်ငုံဖူးကို တကယ်မသိတာလည်း ဖြစ်နိုင်ပါသည်။

"နောက်ဆို တို့ဒီနေရာပဲ လာထိုင်မယ်လေ"

"ရတယ်လေ၊ လာထိုင်ပေါ့၊ ဘယ်သူမှမရှိဘူး"

သည်တော့မှ သူနှင့်စကားပြောဖြစ်လေသည်။

"အန်တီသီသီက သက်သက်ကိုပြောထားတာ၊ ညနေကျရင် မာမိကိုပြောလိုက်တော့မယ်၊ ခင်လေးနွယ်နဲ့ သူငယ်ချင်းဖြစ်သွားပြီလို့"

သူက သက်သက်ကို ပြုံးကြည့်ပြီး

"တို့သူငယ်ချင်းတွေအားလုံးက တို့ကို မဂျိုးလို့ပဲ ခေါ်တယ်"

"ဒီလိုဆို သက်သက်လည်း မဂျိုးလို့ပဲ ခေါ်မယ်လေ"

မဂျိုးက သက်သက်ကို ခေါင်းညိတ်ပြလိုက်သည်။ ထိုနေ့မှစ၍ သက်သက်နှင့်မဂျိုး သူငယ်ချင်းဖြစ်ခဲ့လေသည်။

* * *

(၂)

ကျောင်းရောက်စ မြင်မြင်သမျှ ကျော်င်းသူတွေကို စချင်နောက်ချင်နေသော ကျောင်းသားများသည် မဂျိုးနှင့် သက်သက်တွဲတော့ အမြဲတမ်းလိုလို နောက်တော့သည်။ သက်သက်ကိုတော့ သက်သက်

mgyoe.com

mgyoe.com


ရဲ့ကျော်ကြားမှုနှင့် နောက်သည်။ မဂျိုးကိုတော့ ခုံနံပါတ်တစ်နေရာကို ရသူမို့ မနာလိုစွာ နောက်ပြောင်ခြင်းပင်။

တစ်နေ့ မဂျိုးနှင့်သက်သက် အခန်းထဲဝင်အလာ ကျောင်းသားများက လက်ခုပ်ဝိုင်းတီးကြသည်။ သက်သက်က ခေါင်းငုံ့ရင်း မျက်ရည်တွေဝဲလာပေမဲ့ မဂျိုးကတော့ မျက်နှာထားမပျက်။ မဂျိုးတို့ခုံနားအရောက်တွင် ကျောင်းသားတစ်ယောက်က "ရေမချိုးဘူး၊ ဒါဝတ်၊ ဒါဝတ်" ဟု ထအော်လေသည်။

ဒါက မဂျိုးကို ပြောခြင်းဖြစ်သည်။ မဂျိုးသည် နေ့တိုင်းထဘီနက်ပြာနှင့် အင်္ကျီအဖြူကိုသာ ဝတ်သည်။ ဒါကို ကျောင်းသားများနှင့် အချို့သော ကျောင်းသူတို့ကပါ သက်သက်မဲ့ ထွင်ခြင်း၊ ထင်ပေါ်အောင်လုပ်ခြင်းလို့ ထင်မှတ်ကြသည်။ တကယ်တော့ အင်္ကျီအဝတ်အစား များများမဝယ်နိုင်သော မဂျိုး၏အခြေအနေကို သက်သက်သိထားပြီးဖြစ်သည်။

မဂျိုးက ထိုင်ခုံတွင် ဝင်မထိုင်ဘဲ အော်ဟစ်နေသော ကျောင်းသားထံသို့ တည့်တည့်မတ်မတ် လျှောက်သွားလေသည်။ အော်ဟစ်ဆူညံနေသော အသံမှာ ရုတ်ခြည်းတိတ်ဆိတ်သွားသည်။

"ခုနတုန်းက ပြောတဲ့စကားက တို့ကိုပြောတာလား"

တိတ်ဆိတ်နေသောအခန်းထဲတွင် မဂျိုး၏အသံက ကြည်လင်ပြတ်သားစွာ ပေါ်ထွက်လာသည်။ ရှေ့မှ ကျောင်းသူတွေ အားလုံးက မဂျိုးကို လှည့်ကြည့်ကြသည်။ စကားအပြောခံရသော ကျောင်းသားသည် မဂျိုးကို အံ့ဩစွာ ငေးမောလျက်။

"သူများရဲ့အားနည်းချက်ကို လှောင်တာနိမ့်ချတာ ယောကျ်ားကောင်းတစ်ယောက်ရဲ့ သိက္ခာမဟုတ်ဘူး၊ မင်းစာတော်လို့ ဆေးကျောင်းရောက်ပြီး ဆရာဝန်ဖြစ်လာပေမဲ့ မင်းရဲ့တန်ဖိုးဟာ ဖိနပ်

mgyoe.com

mgyoe.com

အောက်က မြေမှုန့်လောက်တောင် မရှိဘူး"

မဂျိုး စကားအဆုံးတွင် ကျောင်းသားကနေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသေးသည်။ မဂျိုးကတော့ လွယ်အိတ်ထဲမှ သံသွားတပ်သစ်သားပေတံကို ဆုပ်ကိုင်၍ နေရာမရွေ့ပေ။

ကျောင်းသားသည် မဂျိုးရှေ့မှ ချာခနဲလှည့်ထွက်၍ အတန်းအပြင်သို့ ထွက်သွားလေသည်။

ထိုအချိန်မှစ၍ ကျောင်းသားတို့၏ပစ်ကွင်းသည် မဂျိုးဖြစ်လာသည်။ ဆရာ မလာခင်အချိန်ဆိုလျှင် မဂျိုးဆံပင်၊ မဂျိုးနံဘေးတွင် စက္ကူမြားများ ဖွေးနေတတ်သည်။ ကျောက်သင်ပုန်းပေါ်တွင် မဂျိုးပုံကို အမျိုးမျိုးဆွဲသည်။ စာတန်းအမျိုးမျိုး၊ နာမည်အမျိုးမျိုး ရေးကြသည်။

သက်သက်တို့ မိန်းကလေးတွေက မဂျိုးဘက်မှ မခံနိုင်၍ မဂျိုးကိုပြောလျှင် "ကိုယ်က သူများကိုတော့ စော်ကားတယ်၊ ကိုယ့်ကိုပြန်အပြောခံရတော့ မခံနိုင်ဘူး၊ ရင်ဆိုင်ဖြေရှင်းကြဖို့ဆိုလည်း မဖြေရှင်းရဲဘူး၊ ဒါကြောင့် ဒီနည်းနဲ့လုပ်တာ၊ ဒါမျိုးကို လူပီသတဲ့သူတွေ ယောကျ်ားပီသတဲ့သူတွေ မလုပ်ဘူး သက်သက်ရ၊ ဒီတော့ လူပီသတဲ့ မိန်းမပီသတဲ့ တို့လိုမျိုးက ဒီလိုကောင်မျိုးကို ဂရုစိုက်စရာမရှိဘူး၊ အချိန်တန်တော့ အေးသွားလိမ့်မယ်" တဲ့။

ထိုအချိန်မှစ၍ မဂျိုးသည် သက်သက်ဘဝတွင် သူရဲကောင်းဖြစ်လာတော့သည်။

* * *

mgyoe.com

mgyoe.com


(၃)

"မဂျိုး မဂျိုး၊ ဟ ထတော့ မဂျိုးရ၊ ခုနစ်နာရီတောင် ခွဲတော့မယ်"

မဂျိုးက စောင်ကို ပခုံးထိအောင် ဆွဲခြုံ၍ သက်သက်ကို မျက်လုံး မှေးကာ ကြည့်နေလေသည်။

သက်သက်က ကျောင်းကို နေ့တိုင်း မနက် ခုနစ်နာရီလောက် တွင် အရောက်လာ၍ မဂျိုးကို အဆောင်တွင်ဝင်ခေါ်တတ်သည်။

သက်သက်က မဂျိုးနှင့်စာကျက်ရန်၊ စာဆွေးနွေးရန် စသည် ဖြင့်။ ဒါပေသည့် မဂျိုးက နေ့စဉ် သက်သက်လာမှ နိုးရသည်က များလေသည်။

"မဂျိုး ထစမ်းပါ၊ ဒီနေ့ အန်တီချိုက အင်းဂလစ်ရှ်တွေ ဖတ်ခိုင်း မှာ"

"အစောကြီးရှိသေးတာ သက်သက်ရာ၊ ငါ ညက တစ်နာရီ ကျော်မှ အိပ်တာ"

"ဘာလဲ နင် ညက တစ်နာရီအထိ စာကျက်တာပေါ့လေ"

သက်သက်အသံတွင် ဝန်တိုသံစွက်သွားသော်လည်း မဂျိုးက အေးတိအေးစက်နှင့် မသိသလို အိပ်ရာဘေးက စာအုပ်တွေကို မေး ဆတ်ပြလိုက်သည်။ ဝတ္ထုစာအုပ် သုံးအုပ်။

မဂျိုးက အမြဲတမ်း ညဥ့်နက်မှ အိပ်တတ်သည်။ သက်သက် မေးလျှင်လည်း ညက စာဖတ်တာ မိုးချုပ်သွားလို့၊ ခင်ခင်လေးတို့နဲ့ လက်ဖက်သုပ်စားရင်း စကားပြောနေလို့၊ ညက အခန်းမှာလာပြီး ဖျာလိပ်နတ်မေးနေကြလို့ စသည်ဖြင့် ဆင်ခြေတစ်ခုခုတော့ ရှိမြဲပင်။ ရေချိုးပြန်လျှင်လည်း အနည်းဆုံး တစ်နာရီကနေ နှစ်နာရီနီးပါး ကြာတတ်သည်။ အချိန်ကန့်သတ်ချက်နှင့် လုပ်တတ်သော မာမီ့သမီး သက်သက်က နာရီတကြည့်ကြည့်နှင့်။

mgyoe.com

"မဂျီး ရေချိုးတာဟာ တစ်နာရီတောင်ကြာ" ဆိုလျှင်

"ရေပန်းအောက် ရေချိုးတာ အကြာကြီးချိုးမှကောင်းတာ၊ ရေက အသားထဲစိမ့်ဝင်ပြီး အေးနေတာပဲ၊ တို့အိမ်မှာဆို ရေတွင်းကခပ်ပြီး ဝုန်းခနဲ လောင်းချိုးရတာ ဘယ်အရသာရှိမလဲ၊ ဒီလိုအကြာကြီးချိုးချင်လည်း ရေခပ်ရတာနဲ့ လက်ညောင်းသေလိမ့်မယ်" ဟု ပြက်ချော်ချော်ပြောတတ်သည်။

ရေချိုးချိန်နှင့် အဝတ်အစားလဲပြင်ဆင်ချိန် နာရီဝက်သာပေးထားသော မာမီ၏အချိန်ဇယားများအောက်တွင် သက်သက်မှာ မဂျီးလို ရေစိမ်ချိုး၍ သီချင်းအော်ဆိုနေချိန် မဖြစ်နိုင်ခဲ့။

"နင့်ကို သနပ်ခါးလိမ်းဖို့ နောက်ထပ် ဆယ့်ငါးမိနစ်ပဲ ပေးမယ်" ဟု သက်သက်ကပြောရင်

"သွားစမ်းပါ၊ အချိန်ကြီးနဲ့အလုပ်လုပ်ရတာ ပင်ပန်းလွန်းလို့" ဟုဆိုပြီး သနပ်ခါးကို ခြေဆုံးခေါင်းဆုံး လိမ်းနေတတ်သည်။

တကယ်တမ်း မဂျီးအခန်းကို သက်သက်စာလာကျက်သည်ဆိုသော်လည်း သက်သက်တစ်ယောက်တည်း စာကျက်နေရသည်က များပါသည်။ တစ်ခါတစ်ရံ အိပ်ရာထ နောက်ကျသော မဂျီး မုန့်သွားစားတာ၊ ရေချိုးအဝတ်အစားလဲတာ စောင့်ရသည်။ တစ်ခါတစ်ရံ ညက ဖတ်လက်စဝတ္ထု မပြီးသေးဘူး၊ ဒီနေ့ပြန်အပ်ရမှာမို့ ဖတ်လိုက်ဦးမယ် ဆိုတာနှင့်ပင် သက်သက် တစ်ယောက်တည်း စာကျက်ရပြန်သည်။

တစ်ခါတော့ "နင် ဆယ်တန်းတုန်းကရော ဒီလိုပဲ နေတာပဲလား မဂျီးရယ်" ဟု တအံ့တသြမေးမိသည်။

"ဟိုတုန်းကတော့ ငါကြိုးစားသလောက် ငါအောင်မြင်တာကိုး၊ ဒီမှာတော့.." ဟု မဂျီးထံမှကြားရခဲ့သည့် အသံတိုးတိုးတိမ်တိမ်ဖြင့် တစ်ပိုင်းတစ်စပြောရင်း လက်ထဲကဝတ္ထုစာအုပ်ကို ဆက်ဖတ်နေတော့သည်။

mgyoe.com

mgyoe.com


ဆေးတက္ကသိုလ်ရောက်လာသည့်အများစုမှာ မိမိတို့ကျောင်းမှာတော့ အတော်ဆုံး၊ အမြင့်ဆုံးတွေဖြစ်ခဲ့ကြသည်။ အတော်ဆုံး အမြင့်ဆုံးတွေ ဆုံကြသော ဆေးတက္ကသိုလ်တွင် အရည်အချင်းများမှာ သိသာစွာ ခြားနားခြင်းမရှိတော့ပေ။ ကြိုးစားမှုနှင့် ဝီရိယကသာ ဆုံဖြတ်ပေးတော့မည်။

သက်သက်တို့ အထက်တန်းကျောင်းတုန်းကလည်း ပြိုင်ဘက်၊ ယှဉ်ဘက်၊ တော်ဘက်တွေက များတော့ အဆင့်တစ်ကို ဘယ်သူမှ စွဲစွဲမြဲမြဲရသည်ဟု မရှိခဲ့ပေ။ လစဉ်တစ်ယောက်နှင့်တစ်ယောက် အကြိတ်အနယ်ယှဉ်ပြိုင်၍ အဆင့်တစ်ကို တစ်လှည့်စီလုယူခဲ့ရသည်သာ။ တက္ကသိုလ်ရောက်တော့လည်း အခုလို ယှဉ်ပြိုင်နေရသည်မှာ သက်သက်တို့အဖို့တော့ မဆန်းလှ။ မိမိဘက်က သက်လုံကောင်းရမည်သာ။

မဂျိုးကတော့ သက်သက်တို့နှင့် ခြားနားစွာပင် သူငယ်တန်းမှ ဆယ်တန်းအထိ အဆင့်တစ်ဆိုသော နေရာတွင် မြဲမြဲစွာ နေရာရခဲ့သူဖြစ်သည်။ မဂျိုးအရည်အချင်းကို ယှဉ်ဝံ့သူများများမရှိသလို ယှဉ်နိုင်သူလည်း မရှိခဲ့ပေ။ "အတော်ဆုံး" ဆိုသော စကားလုံးနှင့်သာ တွေ့ထိနေရမြဲ မဂျိုးသည် တန်းတူယှဉ်ပြိုင်ဘက်တွင် ရှုံးနိမ့်မှာ စိုးလာသောအခါ ယှဉ်ပြိုင်မှုကို စွန့်လွှတ်လိုက်ခြင်းသာ ဖြစ်ပါလိမ့်မည်။

"ပြိုင်ပွဲတစ်ခုဆိုပါတော့၊ တို့ အနိုင်မရဘူးထင်ရင် ဘယ်တော့မှ မယှဉ်ပြိုင်ဘူး"

မဂျိုးက သူ့ခံယူချက်ကို ရဲရဲဝံ့ဝံ့ ကြေညာလာတော့ မဂျိုးကို အထင်ကြီးခဲ့သော သက်သက်မှာ ဆန့်ကျင်ဘက်မပြောခဲ့တော့။

အမှန်တော့ ကျောင်းတက်ခါစအချိန်များက မဂျိုးကျောင်းစာကို ကြိုးစားကျက်မှတ်သေးသည်။ ဒါပေသည့် မဂျိုး၏အားနည်းချက်

mgyoe.com

တစ်ခုက အင်္ဂလိပ်စာညံ့သည်။ ဆေးတက္ကသိုလ်၏သင်ခန်းစာအများစုက အင်္ဂလိပ်စာအသုံးအနှုန်းများသည်ဆိုတော့ သက်သက်တို့လို အင်္ဂလိပ်စာမှာ တော်သူတွေနှင့် ယှဉ်လိုက်လျှင် မဂျိုးတို့က အပြတ်အသတ် ကျန်ရစ်ခဲ့တော့သည်။

တခြားမကြည့်နဲ့။ သက်သက်တို့ ဆရာမ အန်တီချိုကပင် မဂျိုးကို သက်သက်သူငယ်ချင်းမှန်း သိလျက်နှင့်ပင်

"မင်းတို့ ရှိန်ဘာဝမ်းကလည်းကွာ အင်္ဂလိပ်စာ အသံထွက်က ညံ့လိုက်တာလွန်ရော၊ ကိုယ်တော့ သူ့ကို တစ်ခါနှစ်ခါ ဖတ်ခိုင်းပြီး စိတ်ကုန်တာနဲ့ မဖတ်ခိုင်းတော့ဘူး"တဲ့။

အန်တီချို့အချိန်တွင် အန်တီချို ခေါ်တတ်သည့်သူများက သဥ္ဇာတို့လို တောင်ကြီးမှ ကျောင်းသူများနှင့် သက်သက်တို့ မိမိခိုင်ထွန်းတို့လို နေ့ကျောင်းသူအများစုသာဖြစ်သည်။

သိတတ်လွယ်သော မဂျိုးကလည်း ရိပ်မိဟန်တူသည်။ နောက်ပိုင်း ဒေါ်တင်တင်ချို့ အချိန်ဆိုလျှင် မဂျိုး ကျောင်းမတက်တော့။ စာကြည့်တိုက်တွင် စာအုပ်ဖတ်ချင် ဖတ်နေတတ်သည်။ ရုပ်ရှင်ဖြစ်ဖြစ် သွားကြည့်နေတတ်သည်။

သက်သက်က မဂျိုးကို ဖျောင်းဖျလျှင်တော့

"ကိုယ့်ကို အထင်သေးတဲ့မျက်လုံးတွေကို ဘာဖြစ်လို့ကြည့်နေရမှာလဲ"

ဟု ပြတ်သားစွာ ငြင်းတတ်သည်။ နောက်ပိုင်း မဂျိုး တခြားအချိန်တွေကိုပါ ဖျက်တတ်လာသည်။

မဂျိုးတစ်ယောက်တည်း ရုပ်ရှင်သွားကြည့်တာ၊ စက်ဘီးတစ်စီးနှင့် မြို့အနှံ့လည်တာသိတော့ သူငယ်ချင်းအဖော်အဖြစ် မဂျိုးနှင့် လိုက်ပေးချင်ခဲ့သည်။ ဒါပေမဲ့ မဂျိုးကျောင်းမတက်သည်ကို ဆရာ ဆရာမ

mgyoe.com

mgyoe.com

များက အထူးဂရုမပြုမိသလို နယ်မှာနေသော မဂျိုးမိဘတွေလည်း မသိနိုင်ပေ။ သက်သက် အတန်းတစ်ချိန်ပျက်လျှင်တော့ ဆရာ ဆရာမတွေကတစ်ဆင့် မာမိဆီ နေ့မကူးခင်မှာပင် သတင်းရောက်သွားနိုင်သည်။

သက်သက်ဘဝက မဂျိုးလို လွတ်လပ်ပေါ့ပါးစွာ ပျံဝဲချင်၍ မရခဲ့ပေ။

* * *

(၄)

ပထနှစ်ကို မဂျိုးသည် ရုပ်ရှင်ကြည့်ရင်း၊ ဝတ္ထုဖတ်ရင်း အောင်မြင်ခဲ့သလို သက်သက်ကလည်း စာကျက်ရင်း၊ အတန်းတက်ရင်းဖြင့် အောင်မြင်ခဲ့သည်။ အောင်မြင်မှုကတော့ သိသာခြားနားစွာပင်။ မဂျိုးက ပွတ်ကာသီကာ အောင်မြင်ပြီး သက်သက်ကမူ ဂုဏ်ထူးငါးခုနှင့် အောင်မြင်ခဲ့လေသည်။

အကြွားအဝါ အပိုအလိုမရှိတတ်သော မဂျိုးက

"ငါ့ကို စကော်လာမို့ ဆရာတွေက မချတာထင်တယ်" ဟု ရယ်ရယ်မောမော ပြောနိုင်ခဲ့သည်။

မဂျိုးက ပညာသင်ဆုရထားသူမို့ စာမေးပွဲတစ်ခါကျလျှင် ပညာသင်ဆုမရနိုင်တော့ပေ။

"ငါ ဆပ်ပလီထိမှာတော့ မကြောက်ပါဘူးဟာ၊ စကော်လာ မရရင်တော့ ငါ ကျောင်းတက်ဖို့ သိပ်ခက်သွားပြီ"

ဟူ၍ စိတ်လိုလက်ရ ပြောလာလျှင်တော့ အသိခေါက်ခက်အဝင်နက်တတ်သည့် မဂျိုးကို သက်သက်က ထုရိုက်ပစ်ချင်မိသည်။

ဆေးပညာရပ်နှင့်ပတ်သက်သည့် သင်ခန်းစာများကလည်း

mgyoe.com

ဒုတိယနှစ်မှာပင် စသည်မို့ မဂျိုး ကြိုးစားခွင့်က နောက်မကျနိုင်ပါ။ မဂျိုးကလည်း လိုလိုချင်ချင်ပင် သက်သက်နှင့်အတူ အတန်းမှန်မှန် တက်၊ စာမှန်မှန်ကျက်လာတော့ သက်သက် ကျေနပ်မိပြန်သည်။

မဂျိုးလို ရည်ရွယ်ချက် ပြင်းပြတတ်သည့်သူမျိုးကို နှောင်တမရ စေချင်။ သက်သက်ဆိုသည်က ရည်ရွယ်ချက် မိမိရရရှိခဲ့သည် မဟုတ်ပေ။ မာမိက ဒီစာ ဒီလိုကျက် ဒါဒီလိုတွက်ဆိုသည့် လမ်းညွှန်မှုအောက်တွင် အဆင်သင့်နာခံရင်း ဆယ်တန်းအောင်ခဲ့သည်။ တက္ကသိုလ်ဝင်ခွင့်ကျတော့လည်း မာမိက ဆေးတက္ကသိုလ်လျှောက်ဆိုတော့ သူဝါသနာပါသည် မပါသည်ကို တွေးမနေဘဲ လျှောက်လွှာပေါ်တွင် ဆေးတက္ကသိုလ်ဟု ရေးပစ်လိုက်သည်။ ဘာဘွဲ့တွေ ရရမည်လို့လည်း ခုထိမစဉ်းစား။ မာမီ ညွှန်ကြားသည့်အတိုင်း သူနေခဲ့သည်သာ။

မဂျိုးကတော့ ရည်ရွယ်ချက် ပြင်းပြတတ်သည်။ ဆရာဝန်အဖြစ်ကို သူကိုယ်တိုင်က နှစ်ခြိုက်လိုချင်သည်။

တစ်နေ့တွင် မဂျိုးက သက်သက်ကို စာအုပ်ငယ်တစ်ခု လာပြသည်။ ကဗျာစာအုပ်လေးတစ်အုပ်ဖြစ်သည်။

"တို့နဲ့ မောင်မောင်နဲ့ ကဗျာစာအုပ်ထုတ်မလို့"

မောင်မောင့်ကို မဂျိုးထံမှ နာမည်နှင့်စတင် ရင်းနှီးခဲ့ရခြင်းဖြစ်သည်။ ထိုအချိန်က မဂျိုး၏ဝတ္ထုဆောင်းပါး၊ ကဗျာများကို သက်သက်တို့ကျောင်း၏နှစ်ပတ်လည်မဂ္ဂဇင်း၊ နံရံကပ်စာစောင်များတွင် အမြဲတွေ့ရသလို ရှုမဝ၊ မိုးဝေစသည့်မဂ္ဂဇင်းများတွင်လည်း မဂျိုး၏ကဗျာ တစ်ပုဒ်စ နှစ်ပုဒ်စ ပါလာတတ်သည်။

မောင်မောင်ကလည်း မဂျိုးလိုပင် စာဖတ်ဝါသနာကြီးပြီး စာရေးလည်းကောင်းသည်။ နောက် မောင်မောင်က အင်္ဂလိပ်စာလည်း တော်သည်မို့ ကျောင်းစာတွင်လည်း မညံ့လှ။ မောင်မောင်၏အင်္ဂလိပ် ကဗျာ

mgyoe.com

mgyoe.com


လေးတချို့ကို သက်သက်တို့ အဓိပ္ပာယ်ရှာဖွေကာ ဖတ်ခဲ့ရဖူးသည်။

မောင်မောင်နှင့်မဂျိုး သူငယ်ချင်းဖြစ်သွားတော့လည်း သက်သက်ဝန်တိုခြင်းမဖြစ်မိ။ မဂျိုးနှင့်မောင်မောင်သာ ချစ်သူဖြစ်သွားခဲ့လျှင်လည်း သက်သက်ကတော့ ကျေနပ်မည်သာပင်။ မောင်မောင်သည် သက်သက်တို့အတန်းမှ ကဗျာရေးသော မင်းလွင်လို လူအများနားမလည်နိုင်သည့်စကားလုံးများကို လက်ဖက်ရည်ဆိုင်လိုနေရာမျိုး၊ အတန်းထဲလိုနေရာမျိုးမှာ ကျယ်ကျယ်လောင်လောင် ပြောနေလေ့မရှိသလို "ငါ အလိုချင်ဆုံးက စာရေးဆရာအဖြစ်ပဲ၊ ငါ မလိုချင်ဆုံးက ဆရာဝန်ဘဝ" ဟု ကြွေးကြော်ရင်း စာမေးပွဲကျမှာ ကြောက်နေတတ်သော တခြားအနုပညာသည်တွေလို ကြီးကြီးကျယ်ကျယ်လည်း မအော်တတ်ပေ။

မောင်မောင်နှင့်အတူ ကျောင်းစာကျက်လာသော မဂျိုးကြောင့် မောင်မောင့်ကို သူငယ်ချင်းအဖြစ် သက်သက် ကျေနပ်လက်ခံမိသည်။

တစ်နေ့တွင် ဖြစ်သည်။ နှုတ်မေးစာမေးပွဲဖြေအပြီး မဂျိုးအခန်းမှ အိပ်ရာပေါ်တွင် သက်သက် ခဏအိပ်နေစဉ်

"မိသက်၊ ဒီမှာ ဆရာတွေက ငါ့ကို ဘာမေးလိုက်တယ် ထင်လဲ"

အခန်းတွင်းသို့ ဝင်ဝင်ပြောပြောနှင့် ဝင်လာသော မဂျိုးကို သက်သက်က နားမလည်စွာ ငေးကြည့်နေမိသည်။

"ပြောစမ်းပါ မိသက်ရာ၊ ငါ့ကို ဆရာတွေက ဘာမေးလိုက်တယ် ထင်လဲလို့"

သနပ်ခါးမတင်ဘဲ ချွေးတို့ဖြင့် ဝင်းလက်နေသော မျက်နှာဝယ် ညကတစ်ညလုံး မအိပ်ခဲ့ရသောကြောင့် မျက်တွင်းများကျ၍ မျက်လုံးက ကြောင်ငေးငေးလေးဖြစ်နေသည်။

"ဘာမေးသလဲ သိလား၊ ဆရာက မင်း စာကောင်းကောင်းကျက်

mgyoe.com

mgyoe.com

ရဲ့လားတဲ့၊ ငါက ကျက်ခဲ့ပါတယ်ဆရာဆိုတော့ မင်းတို့ မိန်းကလေး တွေကတော့ ကျက်ကြပါတယ်၊ ယောကျ်ားလေးတွေ စာသိပ်မကျက် လို့ မေးရတာတဲ့၊ မင်းကျေနပ်တယ် မဟုတ်လား၊ သွားနိုင်ပြီ ဆိုပြီး ငါ့ကို ဂရိတ်သရီး ပေးလိုက်တယ်"

လွယ်အိတ်ကို စားပွဲပေါ်သို့ပစ်တင်၍ ကုလားထိုင်တွင် ဝင်ထိုင် လိုက်သည်။

"မိသက်ရယ် ငါ ဘယ်လောက်စာကျက်ခဲ့တယ်၊ အပင်ပန်းခံခဲ့ တယ်ဆိုတာ နင် အသိဆုံးပါဟာ၊ ငါ့ကြိုးစားမှုဟာ ဘာမှမဖြေရဘဲနဲ့ ရတဲ့အမှတ်နဲ့ပဲ ထိုက်တန်တယ်ပေါ့နော်"

မဂျိုး၏မျက်ဝန်းတွင် မျက်ရည်တို့ဖြင့် ဝေ့နေသည်။ မာနကို ထိပါးခြင်း၊ ခံပြင်းခြင်း၊ ကြေကွဲရခြင်းတို့ကြောင့် မျက်လုံးများသည် တဖျပ်ဖျပ် တောက်ပနေသည်။

မဂျိုး တော်သည်ကို သက်သက် သိပါသည်။ သက်သက်ကို ပင် တချို့စာများကို မဂျိုးက ရှင်းပြပေးခဲ့သေးသည်။ ဒါပေမဲ့ ဝတ္တရား ကျေရုံ အလုပ်လုပ်တတ်သော တချို့ဆရာ ဆရာမများက မဂျိုးတို့လို ပထမနှစ်က အစဉ်အလာမရှိခဲ့သော၊ တခြား ဂရုပြုဖွယ်ရာ အရည် အချင်း မရှိသော သူများအတွက် အပင်ပန်းမခံတော့ချေ။ မဂျိုးတို့လို ကျောင်းသူတွေအတွက် အမြဲတမ်းပေးထားသည်က အောင်ရုံမျှအမှတ်၊ ဂရိတ်သရီး။

"ငါသာ မိသက်ဆိုရင် ငါ့ကို ဒီလိုမေးပြီး ဂရိတ်သရီးပဲ ပေးကြ ပါ့မလား"

အဖြေရှိပြီးဖြစ်သော မဂျိုး၏မေးခွန်းကို သက်သက် မဖြေချင် တော့။ သက်သက်ကိုယ်တိုင်လည်း ဘာမျှမစွမ်းဆောင်နိုင်ပေ။ ညနေ ကြေညာသင်ပုန်းတွင် ထူးချွန်စွာ ဖြေဆိုနိုင်သူများဆိုသော ခေါင်းစဉ်

mgyoe.com

mgyoe.com


များအောက်၌ သက်သက်နာမည်ကတော့ ပါမည်မှာ သေချာသည်။

* * *

(၅)

သည့်နောက်ပိုင်းတွင် မဂျိုးသည် ကျောင်းစာများကို ကြိုးစားကျက်မှတ်ခြင်း မရှိတော့။ တစ်ခါတစ်ရံ မနက်ဖြန်လို စာမေးပွဲရှိလျှင်ပင် ဝတ္ထုစာအုပ် အသစ်စာအုပ်ငှားပြီး ဖတ်ချင် ဖတ်နေတတ်သည်။

"ကိုယ့်ကို အထင်မကြီးတဲ့၊ အသိအမှတ်မပြုတဲ့ ပတ်ဝန်းကျင်ကို ဂရုမစိုက်ခြင်းဆိုတာနဲ့ တုံ့ပြန်ရင်ဆိုင်ရင် မဂျိုး မှားမှာပေါ့" ဟု မဂျိုး အခန်းဖော် နွယ်နွယ်ထွန်းကပြောတော့ မဂျိုးက ထိမထင်ဟန်ပြုံးနေသည်။

မဂျိုးက မောင်မောင်နှင့်သူငယ်ချင်းဖြစ်လာတော့ သက်သက်ကို တွယ်တွယ်တာတာ မရှိလှတော့ပေ။ သည်အတွက်လည်း မဂျိုးကို မငြိုငြင်မိခဲ့။ တကယ်တော့ သက်သက်သည် မဂျိုး သူငယ်ချင်းဆိုသော်လည်း အချိန်တိုင်း မဂျိုးနှင့်အတူ ရှိမနေနိုင်ပေ။

မနက် ရှစ်နာရီအရောက် မာမီကိုယ်တိုင် ကားမောင်း၍လိုက်ပို့ပြီး ညနေ လေးနာရီထိုးသည်နှင့် မာမီ့ကားက အဆောင်ရှေ့ရောက်နှင့်နေခဲ့ပြီ။ အိမ်တွင် ပြည့်စုံအောင် ဖန်တီးပေးနိုင်သော မာမီက အခြားနေ့ကျောင်းသူများလို ညအိပ်စာကျက်ခွင့်လည်း မပေးပေ။ သည်တော့လည်း မဂျိုး၏အမြဲတမ်းသူငယ်ချင်းများအတွက် သဝန်တိုမှုဖြစ်မနေတော့ပေ။ မဂျိုးက သူ့အပေါ် သံယောဇဉ်မထားတတ်သော်လည်း မဂျိုးကို ချစ်ခင်မြဲ။ သက်သက်က အတန်းထဲရောက်သည်နှင့် မဂျိုး ကျောင်းတက် မတက် သက်သက်က လိုက်ရှာမြဲ။ အတန်းတက်ကြောင်း လက်မှတ်ထိုးပေးရသည့် စာရွက်ရောက်လာသည်အထိ မဂျိုး မလာခဲ့

mgyoe.com

ရင်တော့ မဂျိုး ခုံနံပါတ်နေရာတွင် မဂျိုး ကိုယ်စားလက်မှတ်ထိုးပေး လိုက်ရပြန်သည်။

မဂျိုးကို ကျောင်းမှန်မှတ်တက်ဖို့၊ စာကျက်ဖို့ ပြောရင်လည်း "ငါဘယ်လောက်ကျက်ပြီး ဘယ်လောက်တတ်နေပါစေ၊ ဘယ်သူ အသိအမှတ်ပြုလို့လဲဟာ၊ ဘာထူးလဲ၊ စာမေးပွဲအောင် တော်ရောပေါ့" ဟု ပေါ့ပေါ့တန်တန် ပြန်ပြောတတ်သည်။

"ပညာပဲ မဂျိုးရယ် လူသိအောင် တော်ဖို့၊ နာမည်ကြီးအောင် တော်ဖို့ သင်တာမှ မဟုတ်တာ၊ ကိုယ်တတ်အောင်၊ ကိုယ်ပိုသိအောင်၊ ဘယ်သူ အသိအမှတ်ပြုပြု၊ မပြုပြု ကိုယ့်ဘာသာ ကြိုးစားရမှာပဲ" ဟု ပြောမည်စဉ်းစားပြီးမှ မဂျိုးလို အနေအထားမျိုးတွင် သူ သည်လို စိတ်ထားမျိုး ထားနိုင်ပါ့မလား တွေးမိပြန်တော့ မပြောဖြစ်ခဲ့ပေ။

"သက်သက်တို့လို ကိုယ်ကြိုးစားတဲ့ရလဒ်ကို အပြည့်အဝရနိုင် ရင်လည်း ကြိုးစားပါတယ်ကွာ" ဟု တစ်ခါတစ်ရံ သက်သက်ကိုပင် သာသာလေး ခနဲ့တတ်သည်။

"မရတော့တဲ့ အခြေအနေတစ်ခုကို မျှော်လင့်နေမယ့်အစား ကိုယ့်မှာရှိတဲ့ အခြေအနေမှာပဲ ပိုအဆင့်မြင့်တဲ့ အနေအထားကိုရောက် အောင် မကြိုးစားသင့်ဘူးလား မဂျိုး"

သက်သက်က မဂျိုးစကားကို ရယ်ပြုံးနားထောင်နိုင်သော်လည်း နွယ်နွယ်ထွန်းက ဝင်ပြောလေသည်။ နွယ်နွယ်ထွန်းသည် မဂျိုးကဲ့သို့ ပင် စာအလွန်ဖတ်သည်။ ကျောင်းစာရော အပြင်စာပါ မျှတစွာဖတ် တော့ ကျောင်းစာတွင်လည်း တော်သူဖြစ်သည်။

"ကိုယ်လိုချင်တဲ့အရာ ရမယ်မသေချာဘဲနဲ့တော့ အပင်ပန်းမခံနိုင် ဘူး နွယ်နွယ်ရေ၊ မဂျိုး အဖြစ်ချင်ဆုံးက စာရေးဆရာ၊ ဒီတော့ ဆရာဝန် ဖြစ်နိုင်လောက်တဲ့ စာတွေနဲ့ပဲ မဂျိုး အချိန်ဖြုန်းမပစ်နိုင်ဘူး၊ မဂျိုး

mgyoe.com

အလိုချင်ဆုံးလည်းဖြစ်တဲ့၊ ရလည်း ရယူနိုင်တဲ့ စာရေးဆရာဖြစ်ဖို့ပဲ မဂျိုး ကြိုးစားမယ်"

မဂျိုးက သူ့အယူအဆကို ရဲဝံ့စွာ ကြေညာ၍ စကားဝိုင်းမှ လှည့်ထွက်သွားလေသည်။

"မဂျိုးဖတ်တဲ့စာအုပ်တွေက သူ့ခေါင်းထဲ ဒီအတွေးအခေါ်တွေ သွင်းပစ်ခဲ့တာကိုး သက်သက်ရဲ့၊ သူ့စာအုပ်ထဲက ဇာတ်ကောင်တွေက ဘွဲ့ရပညာထက် ဘဝအတွေ့အကြုံကသာ အရေးပါတယ်ဆိုပြီး ရုပ်ရှင်တွေ တစ်ကားပြီးတစ်ကား ဆက်ကြည့်တာတို့၊ လမ်းပေါ်မှာ သူငယ်ချင်းတွေနဲ့ လျှောက်လည်တာတို့၊ ကျောင်းမတက်တာတို့၊ ကျောင်းစာဆိုတာ အသေးအဖွဲ့ပါလို့ အော်ပြီး ညလုံးပေါက် ဝတ္ထုဖတ်တာတို့လေ"

"တကယ်တော့ မဂျိုး တကယ်တော်ပါတယ်၊ အတွေးအခေါ်လည်း တကယ်ထက်တယ်၊ ဒါပေမဲ့ မဂျိုးက အတ္တစွဲကြီးလွန်းတယ်၊ သူကြိုက်တဲ့စာအုပ်တွေထဲက ဇာတ်ကောင်တွေလိုပဲ ကိုယ့်အယူအဆကို ကိုးကွယ်လွန်းတယ်"

နွယ်နွယ်ထွန်းက မဂျိုးကို ဆက်လက်ဝေဖန်နေသော်လည်း သက်သက်တော့ မဂျိုး အတန်းမှန်မှန်မတက်၊ စာမကျက်၍ သိပ်မကျေနပ်တာကလွဲပြီး ဘာမျှမပြောတတ်ပေ။

မဂျိုးကလည်း မဂျိုးပဲလို့ ပြောရမလိုပင်။ အရင်က ရုပ်ရှင်ကြည့်ခြင်း၊ စာဖတ်ခြင်းသာရှိခဲ့သော မဂျိုးသည် မောင်မောင်နှင့်သူငယ်ချင်းဖြစ်လာတော့ ပန်းချီပြပွဲသွားကြည့်ခြင်း၊ ကဗျာစာအုပ်အတွက် ပုံနှိပ်တိုက်သွားရခြင်း၊ မောင်မောင်၏သူငယ်ချင်းစာရေးဆရာတစ်ယောက်၏ဝတ္ထု၊ မဂ္ဂဇင်းတွင်ပါ၍ မုန့်ကျွေးသောကြောင့် သွားစားရခြင်းတို့တွေပါ ပိုလာပြန်သည်။

mgyoe.com

mgyoe.com


ဒုတိယနှစ်စာမေးပွဲဖြေခါနီး တစ်ရက်တွင် ဖြစ်သည်။ စာမေးပွဲတွင် မေးနိုင်သည့် စာများနှင့်ပတ်သက်၍ ဆရာတစ်ယောက်က သင်ကြားပေးမည်ဖြစ်သောကြောင့် အားလုံး မပျက်မကွက်ရန် မှာလိုက်သည်။ နောက်တစ်ခါ ပြန်သင်ချိန်လည်းမရဟု ဆိုသောကြောင့် မဂျိုးကို စိတ်မချသော သက်သက်က စာသင်ချိန်ထက် စောလာ၍ အဆောင်၌ မဂျိုးကို သွားခေါ်သည်။ မဂျိုး မရှိ။ နွယ်နွယ်ထွန်းက မဂျိုး တစ်ယောက်တည်း ရုပ်ရှင်သွားကြည့်သည်တဲ့။

ညနေသင်တန်းချိန်အပြီး အဆောင်ကိုလာတော့ စိတ်ဆိုးနေသည့် သက်သက်အား

"ဒီကားက ငါ သိပ်ကြည့်ချင်နေတာ၊ ဒီနေ့ နောက်ဆုံးဆိုတော့ မကြည့်ရမှာစိုးတာနဲ့" တဲ့။

အရေးကြီးသည့် စာသင်တန်းကိုဖျက်ပြီး ရုပ်ရှင်မကြည့်လိုက်ရမှာစိုး၍ သွားကြည့်သည့်မဂျိုးကို သက်သက်က ထုံးစံအတိုင်းပင် ခွင့်လွှတ်ရပြီး သင်ခဲ့သည်စာများကို တတ်နိုင်သလောက် ပြန်ရှင်းပြရတော့သည်။

ကျောင်းပိတ်ရက်တွင် ပေလီသို့ရောက်နေသော သက်သက်ဆီသို့ အသုံးလုံး လုပ်အားပေးလိုက်သွားသည့် မဂျိုးဆီမှ စာတစ်စောင် ရရှိခဲ့သည်။ စကားဖွဲ့နွဲ့မဆိုတတ်သော မဂျိုး၏ "မောင်မောင်ကို ငါ လက်ခံလိုက်ပြီ" ဆိုသော စာကြောင်းအတွက် သက်သက်မှာ ကျေနပ်သွားရပြန်သည်။

ဘဝတွင် အခက်အခဲများသော၊ နိမ့်ပါးချို့တဲ့သော မဂျိုးအတွက် အဖော်ကောင်းတစ်ယောက် ရစေချင်သည်။ ၎င်းအဖော်မှာလည်း မောင်မောင်သာဖြစ်သင့်သည်ဟု သက်သက် တွေးခဲ့သည်။

မဂျိုးနှင့်မောင်မောင် ချစ်သူဖြစ်သွားမှ ရင်မခုန်တတ်ခဲ့သော

mgyoe.com

mgyoe.com


သက်သက်ပင် စိတ်လှုပ်ရှားစပြုခဲ့သည်။ သက်သက်သည် မဂျိုးလိုပင် အစစအရာရာ၌ တူညီလိုက်ဖက်သည့် ချစ်သူမျိုး ရနိုင်ပါမည်လား။ တကယ်ဝန်ခံရမည်ဆိုလျှင် မဂျိုးနှင့်မောင်မောင်လို သူငယ်ချင်းအဖြစ် တစ်ယောက်ဘဝကို တစ်ယောက် နားလည်သိရှိပြီးမှ ရရှိသော ချစ်သူဘဝမျိုးကို ရယူချင်ပါသည်။ မာမီ့အလိုကျ ယောကျ်ားမိတ်ဆွေ သူငယ်ချင်းအဖြစ်ပင် စကားဆိုခဲ့ဖူးခြင်းမရှိခဲ့သော သက်သက်အတွက် အခွင့်အရေး နည်းပါးလွန်းပါသည်။

* * *

(၆)

တတိယနှစ်ကျောင်းပြန်အဖွင့်တွင် မဂျိုးနှင့်မောင်မောင် ချစ်သူဖြစ်သွားသော်လည်း သက်သက်နှင့် အတွဲမပျက်ခဲ့ပေ။ မောင်မောင်နှင့် မဂျိုးတို့၏ဝတ္ထု၊ ကဗျာလေးတွေ မဂ္ဂဇင်းထဲမှာ ကြိုကြားပါလာတတ်သလို စာပေဆိုင်ရာ အပေါင်းအသင်းများကလည်း များပြားလာသည်။ အပေါင်းအသင်းများနှင့် ပတ်သက်လာလျှင် အနုစ်နာခံတတ်သော မောင်မောင်နှင့်မဂျိုးကြောင့်လည်း သူငယ်ချင်းများ၏စုရပ်မှာ သက်သက်တို့ကျောင်းမှာ ဖြစ်လာခဲ့သည်။

မောင်မောင်နှင့်မဂျိုးတို့ သူငယ်ချင်းတွေ သက်သက်တို့ မဂျိုးတို့ စာဖတ်ရာ အခန်းလွတ်များတွင် စုဝေးစကားဆိုကြလျှင်တော့ သက်သက်လည်း ဝင်နားထောင်ဖြစ်ခဲ့သည်။

စမ်းစမ်းနွဲ့၊ မိုးမိုး၊ မစန္ဒာ၊ ကြူကြူသင်း၊ မမြင့်ခိုင်၊ ချစ်ဦးညို၊ မောင်သာရ စသည့်ခေတ်ပေါ် ဝတ္ထုများကို သုံးသပ်ပြောဆိုကြတော့လည်း သက်သက်က တငေးတမော နားထောင်ခဲ့ရသည်။ မောင်စွမ်းရည်၊ ဆရာအောင်သင်း စသည်တို့၏စာပေဝေဖန်ရေးများကို ဆွေးနွေး

mgyoe.com

ကြတော့လည်း နားမလည်စွာနှင့်ပင် ငေးနေခဲ့ဖူးသည်။ ခေတ်ဟောင်း၊ ခေတ်သစ် နိုင်ငံရပ်ခြား စာရေးဆရာများ၏ ဂန္ထဝင်စာပေတွေ ဆွေးနွေးကြပြန်တော့လည်း ဘာရယ်မဟုတ်၊ စိတ်ဝင်စားရပြန်သည်။

တစ်ခါတစ်ရံလည်း တစ်ယောက်ယောက်၏ ဝတ္ထု၊ သို့မဟုတ် ကဗျာတစ်ခုခုကို ကျန်လူများက အပြင်းအထန် ဝေဖန်တိုက်ခိုက်ကြသည်။ တစ်ခါတစ်ရံလည်း အကြောင်းအရာလေးတစ်ခုကိုပင် ကတ်ဖဲ့ ငြင်းခုံနေတတ်ပြန်သည်။

"အလှဆိုတာ ကြည့်သူအပေါ်မှာတည်သလား၊ အကြည့်ခံရတဲ့ သူအပေါ်မှာတည်သလား"

လမ်းမပေါ်တွင် စက်ဘီးစီးသွားကြသော ရောင်စုံကောင်မလေးများအား ငေးကြည့်၍ လင်းထက်က စကားစလိုက်သည်။

"ကြည့်သူရဲ့ ခံစားဖလှယ်မှုပေါ်မှာ မူတည်တယ်"

"မဟုတ်ဘူးကွ၊ အကြည့်ခံရသူရဲ့ အချိုးအစား ပြေပြစ်မှုအပေါ်မှာ မူတည်တယ်၊ မင်းပန်းချီဆရာလုပ်နေပြီး ဒီလောက်ညံ့လား"

အထောက်အထားတွေ ဥပမာတွေဖြင့် ငြင်းခုံသံက ကျယ်လောင်လာကြသည်။ သက်သက်တော့ သူတို့ပြောသမျှ သဘောတကျ လိုက်ရယ်နေမိသည်။

"လူတစ်ယောက်မှမရှိတဲ့ ပင်လယ်ထဲက ကျွန်းတစ်ကျွန်းမှာ လူတစ်ယောက်ကို ငယ်ငယ်လေးကတည်းက ပို့ထားလိုက်၊ နောက်ပြီးမှ ပြန်ခေါ်ပြီး သိပ်လှတယ်လို့ အားလုံးကပြောရတဲ့ မိန်းမတစ်ယောက်ကို သူ့ပြကြည့်၊ သူက လှတယ်ဆိုရင်တော့ တကယ်လှတာသေချာပြီ"

"ဟ ဒီလူက လှတယ်ဆိုတဲ့စကားလုံးမှ မသိတာ"

"ဟော့ကောင်တွေ နေဦး၊ နေဦး၊ ဒီနေရာမှာ ရွတ်ရှကင်က ဒီလို ပြောခဲ့တယ်ကွ"

mgyoe.com

mgyoe.com


"ဘာတဲ့လဲ ခွေးကောင်"

"ဒီအချိန် လက်ဖက်ရည်သွားသောက်ရင် အကောင်းဆုံးပဲတဲ့"

လက်မြန်သော လင်းထက်က မောင်မောင်၏ဆံပင်ကို လှမ်းဆွဲလိုက်သည်။

"ငါ့မှာ ပိုက်ဆံမရှိဘူးနော်၊ ခုကတည်းက ပြောထားမယ်၊ ဘယ်သူ့တိုက်မှာလဲ"

"ငါ့မှာ နှစ်ကျပ်တော့ ပါသေးတယ်၊ ဘယ်သူပါသေးလဲ၊ ထုတ်ကြဦးဟ"

"ဘယ်သူမှမပါတော့ဘူးဟ၊ လာပါကွာ၊ အကြော်နှစ်ကျပ်ဖိုး စားပြီး ရေနွေးကြမ်းအဝ သောက်တာပေါ့"

မနေတတ်သော သက်သက်က သူ့ပိုက်ဆံအိတ်ထဲမှ တစ်ဆယ်မျိုး၊ ငါးကျပ်မျိုး ထုတ်ပေးလိုက်လျှင်လည်း "အားနာလိုက်တာ"၊ "ကျေးဇူးတင်ပါတယ်" စသည်ဖြင့် လောကွတ်ပျူငှာပြောမနေတော့ဘဲ ယူထားလိုက်ကြသည်။ သက်သက်ကိုတော့ လိုက်ဖို့ခေါ်တတ်ကြပါသည်။

လမ်းဘေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်များတွင် ထိုင်လေ့မရှိသော၊ မထိုင်ရဲသော သက်သက်က ဆူညံငြင်းခုံရင်း ထွက်သွားကြသည့် မဂျိုးတို့အဖွဲ့ကို ငေးမောကြည့်ရင်း အခန်းထဲတွင် စာကျက်ကျန်ရစ်ခဲ့တော့သည်။

မဂျိုးတို့အားလုံးမှာ ငွေကြေးမပြည့်စုံလှသော်လည်း "ဟိုကောင် နွေးထွေးလေ အသားဝါဖြစ်လို့ ဆေးရုံတက်နေရတယ်" ဟု တစ်ယောက်ယောက်က ပြောလိုက်ရုံနှင့် မိမိမှာရှိသမျှ ပိုက်ဆံတို့ကို ရှာဖွေထုတ်ပေးကြသည့် သူတို့အဖွဲ့၏တွယ်တာမှုများကို သက်သက် နှစ်သက်လာခဲ့သည်။

mgyoe.com

mgyoe.com

"သစ်သစ်နွယ်က တူးစတက်ညှပ်လိုက်တာ မလိုက်ပါဘူးကွာ သူ့အရင်ဆံပင်နဲ့မှ ကြည့်ပျော်ရှုပျော်ရှိသေးတယ်"

"သက်ငုံမှာ အကျီလုံချည်တွေ ထားစရာရှိသေးရဲ့လားဟင်၊ နှစ်လ သုံးလနေတာတောင် အကျီမထပ်ဖူး"

"နေမျိုးက လင်းလင်းကိုစာပေးတယ်တဲ့၊ ဒီကောင်အရင်က သက်ငုံဖူးကို လိုက်နေတာပါ၊ သက်ငုံက ပြန်မကြိုက်လို့"

စသည့်စကားမျိုးတွေနှင့်သာ ရင်းနှီးခဲ့ရသော သက်သက် အတွက် မဂျိုးတို့ပတ်ဝန်းကျင်မှ စကားတွေ အပြုအမူတွေသည် နှစ်လိုဖွယ်ဖြစ်လာခဲ့သည်။

"နင်တို့အဖွဲ့နဲ့နေရတာ သိပ်ပျော်စရာကောင်းတာပဲ၊ နောက် နင်တို့ ဘယ်သွားသွား ငါ့ခေါ်စမ်းပါ" ဟု မဂျိုးကို ပြောဖြစ်သည်။

"လိုက်ခဲ့လေ" ဟု မဂျိုးက လိုလိုချင်ချင် ခေါ်ခဲ့သော်လည်း ဘယ် အခါမှမလိုက်ဖြစ်ခဲ့ပေ။ အချိန်မှန်ကျောင်းပို့ကျောင်းကြိုခံရသည့် သက်သက်အဖို့ အဆောင်ပိတ်ချိန်တိုင်အောင် စက်ဘီးကိုယ်စီနှင့် လျှောက်လည်နေကြသော မဂျိုးတို့နှင့် မနီးစပ်ခဲ့ပေ။ ဗွီဒီယိုဝယ်ပြီး ချိန်ကစ၍ အိမ်မှာသာ ရုပ်ရှင်ကြည့်ရသည့် သက်သက်သည် မဂျိုးနှင့် အတူ ရုပ်ရှင်ကြည့်ခွင့်၊ လက်ဖက်ရည်ဆိုင်ထိုင်ခွင့်လည်း မရရှိနိုင်ပါ။

"သက်သက်ဘဝက အားလုံးပြည့်စုံနေတာပဲနော်"၊ "သက်သက် ဘဝလေးရချင်လိုက်တာ" စသည်ဖြင့် လူတိုင်းနီးပါး သက်သက်ဘဝ ကို အားကျအရယူချင်တတ်သော်လည်း သက်သက် အနှစ်သက်ဆုံး မှာ မဂျိုး၏ဘဝသာ ဖြစ်လေသည်။

မဂျိုးသူငယ်ချင်းဖြစ်မှ စာတွေဖတ်တတ်လာသည့် သက်သက် က သူ၏ဘဝကို ရတနာစီခြယ်ထားသော ငှက်လှောင်အိမ်မှအစာ ကောင်း၊ ရေကြည် အပြည့်အဝနှင့် ယုယခံနေရသည့် ငှက်တစ်ကောင်

mgyoe.com

mgyoe.com


သာဖြစ်သည်ဟု ထင်ခဲ့သည်။ မိမိ၏အတောင်နှစ်ဖက်ကို အသုံးချ၍ ပြင်ပလောကသို့ ပျံသန်းမရှာဖွေနိုင်ခဲ့ပေ။

မဂျိုးဘဝကိုတော့ ငွေကြေးမပြည့်စုံသည်ကလွဲလျှင် လွတ်လပ်ချမ်းမြေ့ပါသည်ဟု သက်သက်က မှတ်ယူခဲ့သည်။ ငွေကြေးမပြည့်စုံခြင်းကလည်း မဂျိုးအတွက်တော့ လေးလေးပင်ပင်ရှိမနေ။ အဆောင်သူတိုင်းမစားနိုင်ကြသည့် အဆောင်ထမင်းဟင်းကို မဂျိုးစား၍၊ ရသည့်မုန့်ဖိုးကို ရုပ်ရှင်ကြည့်ရန်၊ စာအုပ်ငှားရန်၊ သူငယ်ချင်းတွေနှင့် လက်ဖက်ရည်ဆိုင်ထိုင်ရန် ထားတတ်သည်။

မည်သို့ဆိုစေ သက်သက် မရယူနိုင်သော်လည်း သက်သက်အလိုချင်ဆုံး အခြေအနေမှာ မဂျိုးဘဝသာ ဖြစ်သည်။

မဂျိုးသည် ခိုင်မာသော အတောင်အလက်အစုံဖြင့် မိမိပျံသန်းလိုရာကို ပျံသန်း၍ မိမိနားလိုရာကို ရှာဖွေနားနေနိုင်သော ငှက်ကလေးတစ်ကောင်သာ ဖြစ်လေသည်။

* * *

သည့်နောက်များတွင် သက်သက်သည်လည်း ပိုမိုခက်ခဲလာသော၊ ပိုမိုများပြားလာသော ကျောင်းစာများကြားတွင် နစ်မြုပ်လာခဲ့တော့သည်။ မဂျိုး၏ကဗျာ၊ ဝတ္ထုလေးများမှာလည်း မဂ္ဂဇင်းများတွင် မကြာခဏတွေ့လာရတတ်သည်။

နောက်ဆုံးနှစ် စာမေးပွဲအောင်မြင်ကြတော့ သက်သက်၏မူလအတိုင်း ဆေးပညာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ မဂျိုးလည်း မဂျိုးထုံးစံအတိုင်း ပွတ်ကာသီကာနှင့် အောင်သွားခဲ့ပြန်သည်။

အလုပ်သင်ဆရာဝန်တွင် မဂျိုးက သူ့မိသားစု ပြောင်းရွှေ့သွားရာ မော်လမြိုင်သို့လိုက်သွားသဖြင့် သက်သက်နှင့်မဂျိုး ခွဲခဲ့ရသည်။

mgyoe.com

mgyoe.com

ခွဲခွာစကာလများတွင် သက်သက်က မဂျိုးဆီ စာခဏခဏ ရေးတတ်သော်လည်း မဂျိုးက စာပြန်ရေးခဲလှသည်။ နောင်တွင် အလုပ်သင်ဆရာဝန်ဘဝ၌ သိသင့်သိထိုက်သည်တို့ကို ကြိုးစားလေ့လာရင်း ပိုမိုကျယ်ဝန်းလာသော ပေါင်းသင်ဆက်ဆံရေးနယ်ပယ်တွင် မဂျိုးကို အချိန်ပြည့် သတိမရနိုင်တော့။

အလုပ်သင်ကာလကုန်ဆုံး၍ မာမိဆေးခန်းတွင် ထိုင်ပေးနေချိန် တစ်နေ့၌

"သမီး ဦးစိုးမောင်က သမီးနဲ့ သူ့သား မောင်ရဲထွဋ်နဲ့ကို အင်ဂေ့ချ် လုပ်ချင်တယ်တဲ့"

ဟု မာမိက ပြောလာသည်။ အန်ကယ် ဦးစိုးမောင်၏သား ကိုရဲထွဋ်က ဆေးတက္ကသိုလ် ဆေးဝါးဗေဒဌာနမှ နည်းပြဆရာ၊ သက်သက်တို့၏ဆရာ မဖြစ်ဖူးခဲ့သော်လည်း မိဘချင်း ရင်းနှီးခဲ့ကြ၍ လမ်းတွေ့လျှင် ပြုံးပြနှုတ်ဆက်တတ်ရုံတော့ သိကျွမ်းခဲ့ပါသည်။ သည်ထက်ပို၍ စကားဖွဲ့နွဲ့ မဆိုခဲ့ဖူးပေ။

"ဒါပေမဲ့ သမီးသဘောပါနော်၊ သမီး စိတ်မချမ်းသာဖြစ်မှာမျိုး မာမိတို့က မလုပ်ပါဘူး"

ဟု မာမိက အခွင့်အရေး အပြည့်အဝ ပေးနေသော်လည်း သက်သက် ၌ ရွေးချယ်စဉ်းစားစရာမရှိခဲ့။ မဂျိုးရဲ့မောင်မောင်လို အားကိုးအထင်ကြီးဖွယ်ရာ ချစ်သူမျိုးရချင်သော်လည်း အခုအခြေအနေ၌ မဖြစ်နိုင်တော့ပေ။ ဒေါက်တာ ဦးရဲထွဋ်ဆိုသည်ကလည်း လူတိုင်း မက်မောလောက်သည့် အရည်အချင်းများစွာ ပိုင်ဆိုင်ထားသူပင်။ အသားဖြူဖြူ၊ မြင့်သောအရပ်နှင့် သားနားမွန်ရည်သော ဦးရဲထွဋ်အား ကျောင်းသူအချို့နှင့် ဆရာဝန်မများစွာ ရည်မှန်းခဲ့ကြသည်ကို သက်သက် သိသည်။ ဦးရဲထွဋ်ကိုသာ သက်သက် ခေါင်းညိတ်ခဲ့လျှင်

mgyoe.com